(ထိုအခါ) တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က “သင်တို့သည် (အုပ်ချုပ်သူတို့၏ စကားကို)

နားထောင်ကြလော့၊ ၎င်းတို့၏ အမိန့်ကို လိုက်နာကြလော့။ဧကန်စင်စစ် ၎င်းတို့အပေါ်၌

၎င်းတို့အားတာဝန်ပေးအပ်ခြင်းခံရသော တာဝန်ဝတ္တရားများရှိပြီး၊ သင်တို့အပေါ်၌လည်း သင်တို့အား

တာဝန်ပေးအပ်ခြင်းခံရသော တာဝန်ဝတ္တရားများ ရှိကြသည်”ဟုမိန့်ကြားတော်မူခဲ့သည်။

ဝါအိလ် အလ်ဟဿ်ွရမီ ကဆင့်ပြန်ခဲ့သည်။ စလမဟ် ဗင်န် ယဇီးဒ် (ရဿွိယလ္လာဟု အန်ဟု) သည်
တမန်တော်မြတ် (ဆွလ္လ လ္လာဟု အလိုင်ဟိဋစလ္လမ်) အား ဤသို့လျှောက်ထား
မေးမြန်းခဲ့သည်။ အို- လ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်၊ အကယ်၍ ကျွန်ုပ်တို့အပေါ်၌
သူတို့၏ အခွင့်အရေးကိုတော့ တောင်းဆိုပြီး ကျွန်ုပ်တို့၏ အခွင့်အရေးကိုမူ
ကျွန်ုပ်တို့အား မပေးသော အုပ်ချုပ်သူများ စိုးမိုးလာခဲ့လျှင်၊
ထိုကိစ္စနှင့်ပတ်သက်၍ ကိုယ်တော်သည် ကျွန်ုပ်တို့အား
မည်သို့အမိန့်ပေးတော်မူမည်နည်း။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ထိုသူထံမှ မျက်နှာလွှဲတော်မူခဲ့သည်။ ထို့နောက်ထိုသူက ထပ်မံမေးမြန်းပြန်ရာ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်
ထပ်မံမျက်နှာလွှဲတော်မူခဲ့သည်။ ထို့နောက် ဒုတိယအကြိမ် (သို့မဟုတ်)
တတိယအကြိမ်တွင် ထိုသူက ထပ်မံမေးမြန်းပြန်ရာ အရှ်အတ်စ် ဗင်န် ကိုင်စ်က ထိုသူကိုဆွဲယူ(တားမြစ်)ခဲ့သည်။ (ထိုအခါ) တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က
“သင်တို့သည် (အုပ်ချုပ်သူတို့၏ စကားကို) နားထောင်ကြလော့၊ ၎င်းတို့၏ အမိန့်ကို
လိုက်နာကြလော့။ ဧကန်စင်စစ် ၎င်းတို့အပေါ်၌ ၎င်းတို့အားတာဝန်ပေးအပ်ခြင်းခံရသော
တာဝန်ဝတ္တရားများ ရှိပြီး၊ သင်တို့အပေါ်၌လည်း သင်တို့အား
တာဝန်ပေးအပ်ခြင်းခံရသော တာဝန်ဝတ္တရားများ ရှိကြသည်”ဟု မိန့်ကြားတော်မူခဲ့သည်။ [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွ) သည် ဤသို့လျှောက်ထားမေးမြန်းခံခဲ့ရသည် - လူများထံမှအမိန့်နာခံမှုနှင့် လိုက်နာမှုစသည့် ၎င်းတို့၏ အခွင့်အရေးကို တောင်းဆိုကြသော်လည်း၊တရားတရားမျှတစွာ စီရင်ခြင်း၊ စစ်သုံ့ပန်းပစ္စည်းများ ခွဲဝေပေးခြင်း၊မတရားမှုများကို ဖယ်ရှားပေးခြင်း၊ မျှတမှုရှိခြင်းစသည့် သူတို့အပေါ်တွင်တာဝန်ရှိသည့် အခွင့်အရေးများကိုမူ ငြင်းပယ်ကြသည့် အုပ်ချုပ်သူများနှင့် ပတ်သက်၍ကျွန်ုပ်တို့ မည်သို့ပြုလုပ်ရန် ကိုယ်တော် အမိန့်ပေးပါမည်နည်း။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ထိုသူ့ထံမှ မျက်နှာလွှဲတော်မူခဲ့သည်။ကိုယ်တော်သည်ဤမေးခွန်းမျိုးကို မနှစ်သက်ဟန်ရှိခဲ့သည်။ သို့ရာတွင် မေးမြန်းသူက ဒုတိယနှင့်

တတိယအကြိမ် ထပ်မံမေးမြန်းပြန်ရာ အရှ်အတ်စ် ဗင်န် ကိုင်စ် (ရဿွိယလ္လာဟု အန်ဟု) ကထိုသူကို ဆွဲယူပြီး နှုတ်ဆိတ်စေခဲ့သည်။ ထို့နောက်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဤသို့ဖြေကြား မိန့်ဆိုတော်မူခဲ့သည် - သင်တို့သည် ၎င်းတို့၏ စကားကို နားထောင်ကြလော့၊ ၎င်းတို့၏ အမိန့်ကို လိုက်နာကြလော့။ဧကန်အမှန်ပင် ၎င်းတို့အပေါ်၌ ၎င်းတို့ထမ်းဆောင်ရန် တာဝန်ပေးခြင်းခံထားရသည့်တရားမျှတမှု၊ တိုင်းသူပြည်သားတို့၏ အခွင့်အရေးများကို ပေးအပ်ခြင်းစသည့်တာဝန်ဝတ္တရားများ ရှိ၏။ ထိုနည်းတူစွာ သင်တို့အပေါ်၌လည်း သင်တို့ထမ်းဆောင်ရန်တာဝန်ပေးခြင်းခံထားရသည့် အမိန့်နာခံခြင်း၊ အခွင့်အရေးများကို ပေးဆောင်ခြင်းနှင့်ဘေးဒုက္ခများကိုသည်းခံခြင်းစသည့်တာဝန်ဝတ္တရားများရှိ၏။

https://sunnah.global/hadeeth/my/show/5037